## 7 နိုင်ငံခြားသားကျောင်း

ဂျပန်တွင် အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ပေါ်တူဂီဘာသာ စသောနိုင်ငံခြားဘာသာစကားဖြင့် သင်ကြားပေးနေသည့် နိုင်ငံခြားသားကျောင်းများရှိသည်။

နိုင်ငံခြားသားကျောင်းအများစုသည် ဂျပန်ကျောင်းပညာရေးဥပဒေအရ အခြားစာသင်ကျောင်းအမျိုးအစားအဖြစ် သတ်မှတ်ထားသည်။ အချို့ဂျပန်တက္ကသိုလ်သည် နိုင်ငံခြားသားကျောင်းပြီးသူများအား ကျောင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ကို မပေးသည့်ကျောင်းလည်းရှိသည်။

သို့သော် ဂျပန်တက္ကသိုလ်နှင့် ဘွဲ့လွန်တက်ခွင့်ရသည့် ကျောင်းလည်း ရှိသောကြောင့် မိမိတက်နေသောနိုင်ငံခြားသားကျောင်းသို့ မေးမြန်းပါ။